# တံခွန်တိုင်ကျေးရွာ

## ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်(၂၀၁၈-၂၀၂၂)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တံခွန်တိုင်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ်လ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

တံခွန်တိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

**(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၃

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၂

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၃

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၃၆

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စု များ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

## (၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှု

နှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၄**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၇**

**ကိုးကားစာရင်း ၈၄**

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ များ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထု ကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမို ကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရ ပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

မတ်လ၊ ၂၀၁၉ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တံခွန်တိုင်ကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

## တံခွန်တိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူ ရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ် စေသောအချက် များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး

ဖြည့်ဆည်းနိုင် မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီ အစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကန်ကြီးထောင့်မြို့နယ်နှင့် (ရှမ်းရွာတိုက်နယ်၊ ရေတွင်းဆိပ်အုပ်စု) ပုသိမ်–ငပုတော အဝေးပြေးလမ်းမကြီးနှင့် (၂)မိုင် အကွာခန့်တွင်တည်ရှိပြီး နွေအခါတွင်သွားလာရလွယ်ကူသော်လည်း မိုးတွင်းကာလများတွင် လမ်းများပျက်စီး၍ သွားလာရခက်ခဲပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ဝက်မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် လယ်ကွင်းများရှိပြီး အနောက်ဘက်တွင်ဓနိတောများဝန်းရံထားပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ် ရန်နှင့် ဥယျာဉ်ခြံ လုပ်ငန်းတွင် ကွမ်းနှင့်အခြား သီးပင်စားပင်များ စိုက်ပျိုးထုတ်လုပ်ရန်သက်မွေး ဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိကအားထားရာ ဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ကျုံလမုချောင်းနှင့် ဆက်နေသော ချောင်းငယ်များ၊ ရေသွင်းမြောင်းများဖြင့် ဆက်သွယ်ထားပြီး တစ်နှစ်ပတ်လုံး ရေချိုရရှိသဖြင့် လယ်မြေများတွင် စပါးစိုက်ပျိုးရန် အထူးကောင်းမွန်ပါသည်။ ကျေးရွာ၏လယ်မြေများတွင် မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေစိုက်ပျိုးဧက (၅၄၀)ဧကရှိပြီး၊ ရေတော်မိုးတော်ဒေသဖြစ်ပြီး မိုးတွင်းအခါ မြစ်ရေဝင်ရောက်မှု ဆိုးဝါးစွာမရှိပါ။ ကျေးရွာရှိ လယ်ယာမြေများသည် မိုးစပါးနှင့် နွေစပါးကို အဓိကစိုက်ပျိုးသည့် စိုက်ပျိုးမြေအားလုံးသည် ချောင်းရေနှင့် ရေသွင်းမြောင်းများမှ ရေတင်စက်များဖြင့် တင်၍ နွေစပါးများကို အဆင်ပြေစွာ စိုက်ပျိုးနိုင်သည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မရှိပါ။ တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ကိုင်သူများလည်း ရှိပါသည်။ သဘာဝတိရိစ္ဆာန်စိတ်များ လည်း ရရှိနိုင်မှု နည်းပါးသွားပြီးဖြစ်သည်။ ကျွဲ၊ နွားစာအတွက် မြက်များကို လယ်ကန်သင်းဘောင် များမှ အလွယ်တကူ ရရှိနိုင်ပါသည်။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာ ရှိသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၅၅) စုနှင့် ကျား (၂၉၆)၊ မ(၃၃၄)ဦးဖြင့် လူဦးရေပေါင်း(၆၃၀)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၀၆) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက်

လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ် သည် ကျေးရွာရှိလူဦးရေအားလုံး၏ (၇၀)% ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် (၆)% ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီး ပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အထောက်အအကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၇၉)% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ်ကြပြီး (၇)% သည် ချမ်းသာသည့်အဆင့်၊ ၂၁ % သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု အနည်းအကျဉ်းရှိသော်လည်း လက်လှမ်းမမှီမှု၊ လယ်ယာသုံးစက်ကိရိယာအားနည်းမှု၊ မြောင်းလက်တက်မှ ဒီရေအတက်အကျပေါ်မူတည်၍ ရေသွင်း ယူရသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အများအားဖြင့် ကောင်းမွန်ခြင်းမရှိပါ။ အလယ်အလတ် ရှိသော အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ၊ အရောင်းအဝယ်စသော အသေးစားအိမ်တွင်း လုပ်ငန်းများ တွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည်ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာ အနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သား များနှင့် မြေယာမဲ့အိမ် ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် (၆၂%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ (၆၂%)ခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်လုပ်ငန်း စသည်တို့တွင်လည်း လုပ်ကိုင် ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၃၃)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၄၅% မှာ သူတပါးထံမှ မချေးမငှားပဲ သုံးလခန့်နှင့် ၅၀% ခန့်မှာ သူတပါးထံမှ ချေးငှားစရာမလိုပဲ ၃ လမှ ၅ လခန့်နှင့် ၅% မှာ သူတပါးထံမှ ချေးငှားစရာမလိုပဲ ၆ လမှ ၁၂ လအထိ နပ်မှန်အောင် စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည်

အကြွေးငွေ ၁၀၀,၀၀၀/- ကျပ်မှ ၁၀၀၀,၀၀၀/-ကျပ်ထိတင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ၊ ကျေးရွာ သမဝါယမအသင်းနှင့် ကျေးရွာရှိအများပိုင်ရန်ပုံငွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၂) ဦး တို့ဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တောပြုန်းတီးမှုကိုသာ အသင့်အတင့် အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားများတွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက် သက်ရောက်မှု မြင့်မားကြောင်းတွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုသည် မိုးရာသီတွင် သွေးလွန်တုပ်ကွေးအဖြစ်များကြပြီး လူကြီးများမှာသွေးတိုးရောဂါအဖြစ်များကြသည်။ အလယ်တန်းပညာရေးကျောင်းမှ ကျောင်းသူ/သားများကိုလည်း အပတ်စဉ် အာဟာရတိုက်ကျွေးမှု အသင့်အတင့်သာရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း အများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်သာရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှ ၄ မိုင်ခန့်အကွာရှိ ရှမ်းရွာကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့် ၉ မိုင်ခန့်ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။

ကျေးရွာတွင် မိုးရေလှောင်ကန်၊ အဝီစိတွင်း(စက်တပ်)များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှောနှင့် အခြားကူးစက်နိုင်သော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်း တွေ့ရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျေးရွာတွင် (၉%)ခန့်ရှိပြီး၊ ကျေးရွာတွင် အခြေခံပညာရေးကို ရွာတွင်းရှိ အလယ်တန်းကျောင်းနှင့် အထက်တန်းကို ဝဲကြီးကျေးရွာအုပ်စုနှင့် ပုသိမ်မြို့တွင် တက်ရောက်သင်ကြားနိုင်ပြီး တက္ကသိုလ်ပညာရေးကိုပုသိမ်မြို့တွင်သင်ကြားနိုင်ပါသည်။သို့သော် သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်အခွင့် အလမ်းများ သည်လည်း နည်းပါးဆဲ ဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင်ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/ မတို့၏အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။

ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခ လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အသင့်အတင့်ရှိကြ သည်။ အခြားလူမှုရေးအသင်း အဖွဲ့များတွင်လည်း အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြ သည်။ ကျား/မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမ တန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

# ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့် ပတ်သက်သော အဖွဲ့အစည်း (၂) ဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (၄) ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့များအနက် မြို့နယ်မှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ ကျေးရွာမှ အမျိုးသမီးများလည်း ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဘုံပစ္စည်းများ ဝယ်ယူထားကြပြီး ကျေးရွာတွင်းရှိ လူမှု ရေးကိစ္စများတွင် အသုံးပြုနိုင်ရန်ဖြစ်သည်။

ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် (ပက်စ်မြန်မာ)ငွေချေးအဖွဲ့တို့ ရှိကြပြီး ကျေးရွာသားအချို့မှာ ယင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျှက်ရှိကြသည်။

ကျေးရွာမှာ ပုသိမ်–ငပုတောလမ်းမကြီးနှင့် (၂)မိုင်ခန့် ဝေးသော ဆက်သွယ်ရေးကျောက်ခင်း လမ်းပေါ်တွင်ရှိပါသည်။ သို့သော် (33KV)လျှပ်စစ်မဟာဓါတ်အားမှာ ပုသိမ်–ငပုတောသို့ သွယ်တန်း ထားပြီး မဟာဓါတ်အားလိုင်းနှင့် (၂)မိုင်အတွင်း ရှိပါသည်။ (11KV) ဓါတ်အားလိုင်းမဟုတ်သည့် အတွက် လျှပ်စစ်မီး ရရှိရန် အနည်းငယ်အလှမ်းဝေးနေပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံ အုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးပြီး အချို့အိမ်ထောင်စုများမှာ မွေးမြူရေးနှင့် သီးပင် စားပင်များ တနိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူကြသည်။ မိုးစပါးစိုက်ဧက (၅၄၀)ဧကခန့်ရှိပြီး နွေ စပါးကိုလည်း (၅၄၀)ဧက ကွင်းပြည့်စိုက်ပျိုးပါသည်။ မိုးတွင်းကာလတွင် တစ်ခါတရံမိုးရေကြီးများ ခြင်းမှအပ ရေကြီးနစ်မြုပ်မှုနည်းပါးပါသည်။ မိုးစပါးတစ်ဧက ပျမ်းမျှ(၅၀)တင်း၊ နွေစပါးတစ်ဧက (၉၀)တင်းနှုန်း ထွက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများအားနည်းကြပြီး စိုက်ပျိုးရေးကုမ္ပဏီများ မှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများအားနည်းကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ၊ ကမကထပြုပြီး မျိုးစပါးထုတ် လုပ်ဆောင်ရွက်ခြင်း၊ သီးနှံစံပြစိုက်ကွက်များ နမူနာပြစိုက်ပျိုးခြင်းများမရှိပါ။ တောင်သူအများစုမှာ လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ သီးနှံ စိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုးကျရောက်မှု၊ ရောဂါကျရောက်မှု များကို တွေ့ရှိရပြီး ထိရောက်သော ဖျက်ပိုးများနှင့် ရောဂါနှိမ်နင်းရေး နည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေး ဦးစီးဌာနတို့မှ လိုအပ်သလို ကူညီဆောင်ရွက်ပေးစေလိုပါသည်။

ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်ဧက ကာလပေါက်စျေး ၂၀၀၀၀/– ကျပ်ဝန်းကျင် ပေးငှားရကာ ငှားရမ်းခစျေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ကြရပြီး တစ်ချို့တောင်သူများမှာ နွားနှင့် စက်တပ်နွားပုံများကိုသာ အသုံးပြု ထွန်ယက်ကြသည်။ ထို့ကြောင့် ငှားရမ်းခစျေးနှုန်းသက်သာစွာ ရရှိနိုင်ရေးအတွက် လိုလားနေကြ သည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၄၀% ဝန်းကျင်သာရှိပြီး ဒေသမျိုး နှင့် နိုင်ငံခြားစပ်မျိုး ဝက်မျိုးများကို တစ်အိမ်လျှင် ၁၀ ကောင်၊ ၂၀ ကောင်မျှမွေးမြူကြသည်။ ဒေသ ကြက်မွေး သည့် အိမ်ထောင်စုမှာ တစ်ရွာလုံးပင်ဖြစ်ပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော ကြက်နာ၊ ဝက်နာတိရိစ္ဆာန် ရောဂါများ နှစ်စဉ်နှစ်တိုင်း ကျရောက်တတ်သည်။ ကျေးရွာတွင် တနိုင်တပိုင် မွေးမြူသည့် အိမ်ထောင်စ အရေအတွက်နှင့် မွေးမြူသည့်ကောင်ရေတို့ လျော့နည်းလျက်ရှိသည်။ သီးနှံစိုက်ပျိုးရေး လုပ်ငန်းများမှ ဆက်စပ်ဝင်ငွေ အထိုက်အလျောက်

ရရှိနိုင်ခြင်း၊ ကူးစက်ရောဂါ အခါအားလျော်စွာ ကျရောက် တတ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစား ဆောင်ရွက်ပြီး ဝင်ငွေရရှိလိုမှု အားနည်းကြခြင်း တို့ကြောင့် မွေးမြူရေး လုပ်ငန်းနည်းပါးသည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှအပ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြား ဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်း ရွက်ဗျပ်ထိုး၊ လက်သမား၊ ပန်းရံ၊ အစိုးရဝန်ထမ်းလုပ်ငန်း (ဆရာ/ မ) တို့ဖြစ်ကြ သည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ ကျပမ်းအလုပ်သမားအချို့သည် လခစားအလုပ် ပြည်တွင်း စက်ရုံများနှင့် စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် ၈၀,၀၀၀/- ကျပ်မှ ၁၅၀,၀၀၀/- ကျပ်အထိ ရရှိကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၅,၀၀၀/- ကျပ် ရနိုင်ကြ သည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြပြီး ကျေးရွာမှအလုပ်သမားများအတွက် အလုပ် အကိုင်အသင့်အတင့် ရရှိကြသည်။ စပါးရိတ်သိမ်းချိန်များတွင် လုပ်အားခကို ဧကအလိုက် သတ်မှတ် ကြပြီး စပါး ၁ ဧက ရိတ်သိမ်းခ ၂၅,၀၀၀/- မှ ၃၀,၀၀၀/- ကျပ်အထိရှိကာ အလုပ်သမား (၄) ဦး၊ (၅) ဦး က တစ်ဧကကို (၁) ရက်အတွင်း ပြီးစီးနိုင်၍ တစ်နေ့ ပျမ်းမျှလုပ်အားခ ၅,၀၀၀/- မှ ၆,၀၀၀/- ကျပ်အတွင်းရနိုင်ကြသည်။ တစ်နှစ်အတွင်း ရိတ်သိမ်းရသည့် အလုပ်လုပ်ရက်ပေါင်းမှာ (၃၀) ရက်မှ (၄၀) ရက်ခန့်ရှိတက်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျား လုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင် ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသား အများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်း ပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတု မြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။

တောင်သူများ အနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းများမှာ များစွာ ထိခိုက်မှုမရှိပါ။ မြေပြန့်ဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ် ကျရောက်မှု နည်းပါး ပါသည်။ အားပြင်းသော မုန်တိုင်းဝင်ရောက်မှု တခါတရံကြုံတွေ့ရတတ်သည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ သစ်တော သစ်ပင် များဖြင့် စိမ်းလန်းစိုပြေနေသောကြောင့် မိုးခေါင်ခြင်း သဘာဝ အန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၈၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် ငွေစုငွေချေးအဖွဲ့၊ Pact Myanmar အဖွဲ့၊ မသန်စွမ်းအဖွဲ့များ ဖွဲ့ စည်းထားပြီး ရွာသားအများစုသည် အဖွဲ့အလိုက် အဖွဲ့ဝင်များအဖြစ်ပါဝင်နေကြကာ တစ်နှစ် အတိုး နှုန်း ၃၀% ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့များတွင် ချေးငွေ ကို (၆) လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်း ပိုင်းတွင် တင်းကျပ်ထား သည်။ ကျေးရွာရန်ပုံငွေအဖွဲ့၊ ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သမဝါယမအသင်း (၃)သင်း ဖွဲ့စည်းထားရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာ ရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြား ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေ ပမာဏသည် ကျပ်တစ်သိန်းမှ ဆယ်သိန်းထိရှိကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အလယ်တန်းပညာရေးကို အလျား(၄၀)ပေ၊ အနံ(၂၆)ပေ၊ အမြင့်(၁၀)ပေ အရွယ်ရှိ ခနိမိုး၊ သစ်သားခင်း ကျောင်းဆောင်(၁)ခု၊ အလျား(၆၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၂)ပေ၊ သွပ်မိုး၊ အုတ်ညှပ်အင်္ဂတေ အခင်း ကျောင်းဆောင်(၁)ဆောင်၊ အလျား(၆၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့် (၁၂)ပေ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်တို့တွင် သင်ကြားပေးသည်။ ကျေးရွာရှိ မူလတန်းပညာရေးကို ၁၉၈၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခွင့်ရရှိပြီး ၂၀၀၇ ခုနှစ်တွင် မူလတန်းလွန် ပညာရေးအဆင့် ၂၀၁၅ ခုနှစ်တွင် အလယ်တန်း ကျောင်းခွဲ၊ ၂၀၁၇ ခုနှစ်တွင် အလယ်တန်းကျောင်းပညာရေးကို အဆင့်ဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ကျောင်းဆောင်များ

အနေဖြင့် ပြည်သူထည့်ဝင်ငွေဖြင့် တည်ဆောက်ထားသော ခနိမိုး၊ ခနိကာ၊ သစ်သားယာယီကျောင်းဆောင် (၁)ခုမှာ နှစ်စဉ်ပြင်ဆင်မှုများရှိနေပြီး ကျောင်းဆောင်(၁)ဆောင် လိုအပ်လျှက်ရှိနေပါသည်။ ရွာသား အားလုံး၏ (၇၁%)မှာ ရေးတတ်ဖတ်တတ်ကြပြီး မူလတန်း၊ အလယ်တန်းအောင်ချက်ရာနှုန်းလည်း မြင့်မားပြီး ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ် အရေအတွက်ထက် ပိုနေကြောင်း တွေ့ရသည်။ ကျောင်းတွင် မူလတန်းပြ (၅)ဦး အလယ်တန်းပြ ဆရာ/ဆရာမ(၄)ဦး ရှိပြီး ကျောင်းသား (၁၄၀)ဦးရှိသဖြင့် တပည့်ဆရာ အချိုး (၁၅)ဦးထက်ပိုသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီတွင် အလယ်တန်း ကျောင်းသူ/ကျောင်းသားများ အတွက် ပြဌာန်းစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ရွာသူရွာသားများအားလုံးအတွက် ကျန်းမာရေးဝန်ဆောင်မှုကို (၄)မိုင်ခန့်ဝေးသည်။ ရှမ်းရွာ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် (၉)မိုင်ခန့်ဝေးသည်။ ပုသိမ်မြို့ တိုင်းပြည်သူ့ဆေးရုံ၊ ဆေးခန်းများသို့ (၂)မိုင်ခန့်ဝေးသည်။ သဲ၊ ကျောက်လမ်းမှ ပုသိမ်-ငပုတောလမ်းမကြီးမှတစ်ဆင့်သွားရသည်။ ကျေးရွာအုပ်စု အတွင်း ကျေးလက်ဆေးပေးခန်း မရှိပါ။ ဝဲကြီးကျေးလက်ကျန်းမာရေးဌာနခွဲနှင့် သောင်ကြီးကျေးလက် ကျန်းမာရေးဌာနခွဲမှ ကျေးရွာအုပ်စုကို ခွဲဝေတာဝန်ယူဆောင်ရွက်နေပြီး ကျေးရွာအုပ်စုအတွင်း ကျန်းမာရေး ဌာနခွဲတစ်ခုကို လိုအပ်လျက်ရှိပါသည်။

သောက်ရေအတွက် မိုးရေသိုလှောင်ကန် သုံးစွဲကြပြီး လုံလောက်မှု အနည်းငယ်ရှိပါသည်။ နွေရာသီတွင် သောက်ရေအခက်အခဲရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ၊ ကျောင်းသားများ အတွက် အသုံးပြုရန် လွယ်ကူသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ညနေပိုင်းတွင် ခြင်းဝိုင်းများနှင့် ပိုက်ကျော်ခြင်းကွင်းများ ရှိသည်။ လူငယ်အချို့သည် ကျေးရွာရှိ လူမှုရေး လုပ်ငန်းများတွင် တတ်နိုင်သမျှ တက်ကြွစွာပါဝင်ကူညီ ဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက်မူ မြောင်းတူး၊ လမ်းဖေါက်မြေဖို့ခြင်း၊ တံတားတည်ဆောက်ခြင်း စသော လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိပါသည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(၂၀၁၁-၂၀၁၂)ခုနှစ်တွင် ကျေးရွာမှ ပုသိမ်-ငပုတော လမ်းမကြီးသို့ ဆက်သွယ်ထားသည့် လမ်း ကိုယ်ထူကိုယ်ထဖောက်လုပ်ထားပြီး နှစ်စဉ်ကျေးရွာသားများမှ သဲ၊ ကျောက်များ ခင်းနေရပါသည်။ အဆိုပါ လမ်းအား ကျောက်ချောအမာခံလမ်းခင်းပေးရန် ဒေသခံများ လိုလားနေကြသည်။ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာလုပ်ငန်းအတွက် ရေလမ်းကို အသုံးပြုမှု ရှိကြပြီး၊ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၇၅)စီး၊ စက်ဘီး(၇၁)စီး၊ ထရော်လာဂျီ(၂)စီး၊

သုံးဘီး ဆိုင်ကယ်(၂)စီး၊ စက်လှေ(၁၄)စီး၊ လှေ(၃)စီး၊ လူနာတင်ယာဉ်(၂)စီး၊ ကုန်တင်ကား လူမှုရေး အသင်းပိုင်(၁)စီး အသုံးပြုလျှက်ရှိပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းနှင့်နီးသော်လည်း လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာမှာ ပုသိမ်-ငပုတောလမ်းမကြီးနှင့် ခွဲထွက်သော ရွှေဂူ၊ ရိုးချောင်း၊ ငုချောင်း၊ ရေတွင်းဆိပ်၊ ကျုံလာ၊ သရက်တော၊ ချောင်းဖျား၊ ရေကျော်ကြီး၊ သဲကုန်း၊ မောင်တီးသို့ ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းပေါ်တွင် တည်ရှိပြီး၊ သို့သော် လျှပ်စစ်ဓါတ်အားလိုင်းမှာ ပုသိမ်-ငပုတောမြို့ များသို့သာ သွယ်တန်းထားသဖြင့် လျှပ်စစ်မီးရရှိရန် အနည်းငယ် အလှမ်းဝေးနေပါသည်။ ယခုအခါ ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်နှင့် တစ်အိမ်သုံးဆိုလာမီးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် NEP တစ်အိမ်သုံးဆိုလာစနစ်ဖြင့် အိမ်ခြေ (၇၆)လုံး၊ လမ်းမီးတိုင်(၅)တိုင် စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တပ်ဆင်အသုံးပြုခဲ့ပါ သည်။ ထို့ကြောင့် တစ်ရွာလုံး အသုံးပြုနိုင်ရေးအတွက် ကျေးရွာမှ လျှပ်စစ်မီးရရှိရန် လိုလားနေကြ ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရန် လိုလား နေကြပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်း များအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီ ဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက်အဦမရှိသည့်အပြင် ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့နှင့် အလှမ်းဝေးကြပါသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အသင့်အတင့်သာ ကောင်း မွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင် သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကန်ကြီးထောင့်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှု ဖြစ်ပွါးခြင်းနည်းပါးသည်။

## ၅။ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

တံခွန်တိုင်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး၊ ပုသိမ်-ငပုတော လမ်းမကြီးဘေးမှ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ဆက်သွယ်ရေးလမ်းပေါ်တွင်

တည်ရှိပြီး လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သော်လည်း နွေအခါသာ သွားလာရလွယ်ကူပြီး မိုးတွင်းအခါ လမ်းများပျက်စီးသဖြင့် သွားလာရ အနည်းငယ်ခက်ခဲပါသည်။

ကျေးရွာတွင် ဈေးဆိုင်များရှိပြီး ရှမ်းရွာ၊ ပုသိမ်မြို့ဈေးများသို့ အလွယ်တကူသွားရောက် ဝယ်ယူနိုင် ပါသည်။ အရေးပေါ်လိုအပ်က ပုသိမ်-ရန်ကုန်မြို့များသို့ အလွယ်တကူ သွားရောက် ဝယ်ယူနိုင်ပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းနှင့် နီးစပ်သော်လည်း လျှပ်စစ်မီးမရရှိသေးပါ။ လျှပ်စစ်ဓါတ်အား လိုင်းမှာ ငပုတောမြို့သို့သာ သွယ်တန်းပြီး ဓါတ်အားရရှိရန် အနည်းငယ်အလှမ်းဝေးနေပါသည်။ အချို့သော အိမ်ထောင်စုများမှာ NEP စီမံကိန်းမှ ရရှိသော ဆိုလာမီးများ အသုံးပြုကြပြီး ချက်ပြုတ်စားသောက် ရာတွင် ထင်းမီးကိုသာ အသုံးပြုကြရပြီး၊ အချို့အိမ်ထောင်စုများမှာလည်း ဖရောင်းတိုင်၊ ရေနံဆီမီးခွက်၊ ဘတ္ထရီမီးများ အသုံးပြု၍ ကျောင်းသူ၊ ကျောင်းသားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသများနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါသည်။

လူဦးရေအားလုံး၏ (၆၄%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သင်ကြားပေးခြင်းဖြင့် လူငယ်များ၏ လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက် ပုသိမ် ဆေးရုံကြီးနှင့် ရန်ကုန်ဆေးရုံကြီးများသို့ သွားရောက်ဆေးကုသမှုခံယူနိုင်ကြပါသည်။

ကျေးရွာအတွင်း ပြင်ပနှင့်ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသော လူထုအခြေပြု အဖွဲ့အစည်းများအသင့်အတင့်ရှိပြီး၊ အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပေသည်။ ပြင်ပ ပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနနှင့် အချိတ်အဆက် အားကောင်းမှုရှိပြီး ထိုအထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့များဖြစ်စေပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့် ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များ လာရောက် ပို့ချရန် ကျေးရွာမှ တောင်သူများမှ မျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချခြင်းမပြုနိုင်သော်လည်း ဈေးကွက်မှာ အသင့်အတင့် ကောင်းမွန်ပါသည်။ စပါး၊ ကွမ်း၊ အာဝါး၊ ငရုတ်နှင့် ဝါးများစသည်တို့ကို အဓိကစိုက်ပျိုးကြပြီး၊ ကန်ကြီးထောင့်မြို့နယ် ဆည်မြောင်း ဦးစီးဌာနမှ တူးဖော်ပေးထားသော မြောင်းရေမှ ရေကို အသုံးပြု၍ သီးနှံများကို စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြု နိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက အ်လက်များအတွက် ချိတ် ဆက်အသုံးပြု နိုင်သည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များ အားနည်းသော်လည်း ကျန်းမာရေးနှင့် အခြားလူမှုရေး ကိစ္စအဝဝ တွင် ကျေးရွာရှိလူငယ်များမှာ လိုအပ်လျှင်လိုအပ်သလို ကူညီဆောင်ရွက်ပေးကြသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်ပြီး ပုသိမ်အထည်ချုပ်စက်ရုံနှင့် စက်မှုဇုန်များတွင် သွားရောက် လုပ်ကိုင်နိုင်ကြ သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှု အများအပြား တွေ့နေရပါသည်။ကျေးရွာတွင်ကျေးရွာအခြေပြုအဖွဲ့အစည်းများအနည်းငယ်ရှိပြီး အဖွဲ့များကြား တွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင်ရွက်မှု အပိုင်းတွင် စနစ်ကျမှုအနည်းငယ် အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်တော့ပဲ လက် ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး နှစ်စဉ်နှစ်တိုင်း ပိုးမွှားကျရောက်မှုအန္တရာယ်၊ ကြွက်ဖလောင်းအန္တရာယ်တို့နှင့် ရင်ဆိုင်ရပြီး လယ်ယာစိုက်ပျိုး ရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုတစ်ခုအဖြစ်တည်ရှိနေပြီး သီးနှံထိခိုက် ပျက်စီး မှုများရှိပါ သည်။

ကျေးရွာတွင် အလယ်တန်းကျောင်းတည်ရှိပြီး ကျောင်းဆောင်(၃)ဆောင်အနက် တစ်ဆောင်မှာသစ်သား၊ ခနိမိုး၊ ခနိကာ၊ ယာယီကျောင်းဆောင်ဖြစ်သည့်အတွက် ကျောင်းသူ/ ကျောင်းသား များမိုးလုံခြုံမှုနှင့် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်ပါသည်။ အထက်တန်း ပညာရေးအတွက် ကျေးရွာမှ (၂)မိုင်ခန့်ဝေးသော ဝဲကြီးကျေးရွာ အထကသို့ သွားရောက် သင်ကြားနေကြပြီး မိုးတွင်းအခါ ဆက်သွယ်ရေးလမ်း ပျက်စီးမှုများ ရှိခြင်းကြောင့် သွားလာရ အခက်အခဲကြုံတွေ့နေရပါသည်။ ကျန်းမာရေးအတွက်လည်း (၄)မိုင်ခန့် ဝေးသော ရှမ်းရွာ ကျန်းမာရေးဌာနနှင့် ပုသိမ်မြို့ ဆေးရုံကြီးသို့ သွားရောက်ကုသရာတွင်လည်း မိုးတွင်းအခါ အရေးပေါ် ကားများ ဝင်ရောက်ရန် အခက်အခဲရှိ ပါသည်။

# ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာ သင်တန်းများရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှု ဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာ စေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာသည် လူငယ်များ အရက်သေစာ သောက်စားမှုလျော့နည်းပြီး တွေးခေါ်မြော်မြင်မှု နှင့် ယဉ်ကျေးမှု ပိုမိုမြင့်မားလာစေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာ အသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန် အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီး ငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများ အတွက် ကျွမ်းကျင်မှု များကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် အလယ်တန်းကျောင်းမှာ စာသင်ဆောင်(၁)ဆောင် လိုအပ်လျက်ရှိပြီး နောက်ပိုင်းနှစ် များတွင် အဆင့်မြင့်သော စာသင်ကျောင်း ဆောင်များ၊ ပရိဘောဂအသုံးအဆောင်ပစ္စည်းများ အလုံအလောက် ရရှိရန်နှင့် ဆရာ/ဆရာမတို့၏ လစာငွေပိုမိုရရှိလာနိုင်အောင်

ဆောင်ရွက်သွားမည်။ လိုအပ်ပါက အထက်တန်းအဆင့် ကျောင်းများအထိရရှိအောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက် သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရပြုစု ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာရှိ အလယ်တန်းကျောင်းတည်ရှိပြီး စာသင်ဆောင်(၁)ဆောင်မှာ သစ်သား၊ ဓနိမိုး၊ ဓနိကာဖြစ်နေသည့်အတွက် အရည်အသွေးပိုင်းတွင်အားနည်းမှုရှိပြီး ယခုအချိန်တွင် အန္တရာယ်ရှိ နေပြီဖြစ်သော ကြောင့် စံချိန်မီသော စာသင်ကျောင်းဆောင်များ၊ အားကစားပစ္စည်း အချို့နှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်း များအား သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာန၊ အားကစားဦးစီးဌာနတို့မှ တာဝန်ယူ ဆောင်ရွက်ပေးစေလိုပါသည်။

### (ဂ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ခြင်း

အဓိကဆက်သွယ်ရေးလမ်းမကြီးဖြစ်သည့် ပုသိမ်-ငပုတောလမ်းမကြီးအား ဆက်သွယ်ထား သော ဝဲကြီး၊ တံခွန်တိုင်၊ စလူချောင်း လမ်းပိုင် ပိုင်းမှာ သဲ၊ ကျောက်ဖြစ်ပြီး အဆိုပါလမ်းအား အမာခံ

ကျောက်ချော လမ်းခင်းပေးရန် ဒေသခံပြည်သူများမှ လိုလားနေကြသည်။ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာလုပ်ငန်း အတွက် အဓိကကုန်ထုတ်လမ်းလည်းဖြစ်သည်။ ထို့ပြင် ကျေးရွာလမ်းမှာ ရွာတွင်းလမ်းဆိုသော်လည်း အခြား ကျေးရွာ(၉)ရွာမှ ဖြတ်သန်းသွားလာရသော အဓိက ဆက်သွယ်ရေးလမ်းဖြစ်သည့်အတွက် အဆိုပါရွာတွင်း လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင်းလမ်းနှင့် ကျေးရွာ ချင်းဆက်လမ်းများ ပိုပိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်း ရောင်းဝယ်မှု ပိုမိုမြန်ဆန်လာပြီး စီးပွားရေးဖွံ့ဖြိုးမှုအားအတွက် လွန်စွာ အထောက်အကူပြုနိုင်ပေမည်။ ကျေးရွာတွင် လျှပ်စစ်မီး မရရှိပါ။ မဟာဓါတ်အားလိုင်း အနည်းငယ်အလှမ်းဝေးမှုနှင့် ငွေကြေးအခက်အခဲများ ကြောင့် လျှပ်စစ်မီးမသွယ်တန်းနိုင်သဖြင့် ကျေးရွာမီးလင်းရေးအတွက် သက်ဆိုင်ရာဌာနများမှ ပံ့ပိုးငွေ လိုအပ်လျှက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှလည်း လိုအပ်သလို ပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာ မီးလင်းနိုင်ရေး ဆောင်ရွက်ပါမည်။ ကျေးရွာမီးလင်းရေး ဆောင်ရွက်နိုင်ပါက ကျေးရွာ၏ လူနေမှု အဆင့်အတန်း မြင့်မားလာနိုင်ပြီး ကျောင်းသား/ကျောင်းသူများအတွက် စာဖတ်ချိန်များ တွင် အထောက်အကူ များစွာ ပြုနိုင်မည်ဖြစ်သည်။

## (ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

တံခွန်တိုင်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးနှင့်အတော်အသင့်ဖြစ်ထွန်းသော ကျေးရွာ တစ်ရွာဖြစ်ပြီး စိုက်ပျိုးရေရရှိရန်မှာ နွေအခါတွင် အခက်အခဲ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင်း လယ်ယာ လုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်လာမှု၊ သီးနှံဖျက်ပိုးကျရောက်လာမှု၊ ကြွက်ဖလောင်း အန္တရာယ်ကျရောက်မှုတို့ကြောင့် လယ်ယာလုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် သီးနှံ အထွက်နှုန်းလျော့ကျမှု အခက်အခဲများကြုံတွေ့နေရပါသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများ ဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့် ပါသည်။ ထို့အပြင်အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။ သီးနှံဖျက်ပိုး ကျရောက်မှုနှင့် ကြွက်အန္တရာယ် ကျရောက်မှုမှ တားဆီးကာကွယ်ရေး သင်တန်းများကို လယ်ယာ စိုက်ပျိုး ရေးဦးစီးဌာနမှ သင်တန်းများ လာရောက်ပို့ချပေးစေလိုပါသည်။

## (င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

တံခွန်တိုင်ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံ ချက်ပေး နိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်း၊ ရုံဖန်ရုံခါ အရက် သေစာသောက်စား မှုတို့ဖြင့် အချိန်ကုန်ဆုံးနေတက်ပါသည်။ ထိုနည်းတူစွာပင် လက်လုပ်လက်စား ကျပန်းများမှာလည်း လုပ်ငန်း အတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စားသောက်နေကြရသည်။ထိုသူများအတွက်သင့်တော်သောအသက်မွေးဝမ်းကျောင်းဆိုင်ရာ

အတတ်ပညာများရရှိအောင် ကျေးလက် ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက် များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုး ဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေ အထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှု ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန် လည်းလိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစား ပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦ (ရွာတွင်းလမ်း)* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေး ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၄၀ | ၁ | – ကျေးရွာတွင်း (၁၅၀၀'x၈'x၆")ပေကို ကွန်ကရစ်ခင်း ပေးရန် | ကျေးလက် ဦးစီးဌာန |
| | | | | | |
| | ၂။ လမ်းအဆင့်မြှင့်တင်ရန် | ၃၅ | ၂ | – ကျေးရွာတွင်းလမ်း (၁၅၀၀'x၈'x၆")အား ကွန်ကရစ် ခင်းပေးရန်။ | ကျေးလက် ဦးစီးဌာန |
| | | | | | |
| | ၃။ လမ်းအဆင့်မြှင့်တင်ရန် | ၃၅ | ၃ | – ကျေးရွာတွင်းလမ်း (၁၅၀၀'x၈'x၆")အား ကွန်ကရစ် ခင်းပေးရန်။ | ကျေးလက် ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အခြေခံအဆောက်အဦ (ကျေးရွာချင်းဆက်လမ်း)*** | | | | | |
| | ၄။ သယ်ယူပို့ဆောင်ရေးကောင်းမွန်စေရန်။ | ၂၀ | ၄ | -ပုသိမ်-ငပုတောလမ်းမကြီးဘေး ချဉ်းကပ်လမ်းအား ကျောက်ချောအမာခံ ခင်းပေးရန်။ | ကျေးလက်လမ်း/တံတား ဦးစီးဌာန |
| ***အခြေခံအဆောက်အဦ (လျှပ်စစ်)*** | | | | | |
| | ၅။ ကျေးရွာ လျှပ်စစ်မီးသွယ်တန်းပေးရန်။ | ၂၀ | ၅ | - မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးရန် | လျှပ်စစ် ဦးစီးဌာန |
| ***လူငယ်ဖွံ့ဖြိုးရေး*** | | | | | |
| | - ဗဟုသုတနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာ ပြန့်ပွားလာစေရန် | ၁၅ | ၆ | - အသက်မွေးဝမ်းကျောင်း၊ နည်းပညာသင်တန်းပို့ချပေးရန်<br>- စာကြည့်တိုက် အဆောက်အဦတစ်ခုတည်းဆောက် ပေးရန်။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့် စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
